အမျိုးသားလွှတ်တော်ရုံး

သုတေသန၊ပြည်သူ့ဆက်ဆံရေးနှင့်နိုင်ငံတကာဆက်ဆံရေးဌာနကြီး

သုတေသနစာတမ်းတိုအမှတ်( ၇၀ )



# နိုင်ငံတကာလွှတ်တော်များရှိ လွှတ်တော်ဝန်ထမ်းများ၏ ကျင့်ဝတ်နှင့်စည်းကမ်းများအား လေ့လာခြင်း

ရေးသားပြုစုသူ။ ဒေါ်ခိုင်ဝေနိုင်

ရက်စွဲ။ ၃၀ . ၁၁ . ၂၀၂၂။

စာတမ်းတိုနှင့်ပတ်သက်၍သတိပြုရန်အချက်များအားနောက်ဆုံးစာမျက်နှာတွင်ဖော်ပြထားပါသည်။

## မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | နိဒါန်း | ၃ |
| ၂။ | လွှတ်တော်ဝန်ထမ်းများ၏အခန်းကဏ္ဍ | ၃ |
| ၃။ | အင်္ဂလန်နိုင်ငံလွှတ်တော်ဝန်ထမ်းများ၏ ကျင့်ဝတ်နှင့်စည်းကမ်းများ | ၄ |
| ၄။ | ပြင်သစ်နိုင်ငံလွှတ်တော်ဝန်ထမ်းများ၏ ကျင့်ဝတ်နှင့်စည်းကမ်းများ | ၉ |
| ၅။ | ဩစတြေးလျနိုင်ငံလွှတ်တော်ဝန်ထမ်းများ၏ ကျင့်ဝတ်နှင့်စည်းကမ်းများ | ၁၃ |
| ၆။ | အိန္ဒိယနိုင်ငံလွှတ်တော်ဝန်ထမ်းများ၏ ကျင့်ဝတ်နှင့်စည်းကမ်းများ | ၁၈ |
| ၇။ | ထိုင်းနိုင်ငံလွှတ်တော်ဝန်ထမ်းများ၏ ကျင့်ဝတ်နှင့်စည်းကမ်းများ | ၂၁ |
| ၈။ | နိဂုံး | ၂၅ |

# နိုင်ငံတကာလွှတ်တော်များရှိ လွှတ်တော်ဝန်ထမ်းများ၏ ကျင့်ဝတ်နှင့်စည်းကမ်းများအားလေ့လာခြင်း

## အကျဉ်းချုပ်

ဒီမိုကရေစီစနစ်၏ပြယုဂ်သည် လွှတ်တော်ဖြစ်ပြီး လွှတ်တော်အားကောင်းသော နိုင်ငံများတွင် ဒီမိုကရေစီ၏အနှစ်သာရ ပိုမိုပီပြင်သည်ကိုတွေ့ရှိရပါသည်။ ဒီမိုကရေစီ ရင့်သန်သောနိုင်ငံများနှင့်လွှတ်တော်အားကောင်းသည့် နိုင်ငံများကိုလေ့လာကြည့်ပါက အရည်အချင်းရှိသည့် လွှတ်တော်ကိုယ်စားလှယ်များအပြင် လုပ်ငန်းကျွမ်းကျင်မှုရှိပြီး လွှတ်တော်ကိုယ်စားလှယ်များအား ပညာရပ်ဆိုင်ရာအကြံပေးနိုင်သည့် လွှတ်တော် ဝန်ထမ်းများဖြင့်ဖွဲ့စည်းထားပါသည်။ နိုင်ငံရေးဘက်လိုက်မှုမရှိသည့်ပုဂ္ဂိုလ်များကို ရွေးချယ်ခန့်ထားပြီး ဥပဒေပြုရေးဆိုင်ရာကိစ္စရပ်များကို စီမံခန့်ခွဲဆောင်ရွက်နေသည်ကို တွေ့ရှိရပါသည်။ မတူညီသောနိုင်ငံရေးပါတီများ၊ အဖွဲ့အစည်းများနှင့်ထိတွေ့ဆက်ဆံ ရသော လွှတ်တော်ဝန်ထမ်းများ၏ လုပ်ငန်းသဘာဝအရ နိုင်ငံရေးဘက်လိုက်မှု (Non Political Impartiality) အား တင်းကျပ်စွာကန့်သတ်ထားပါသည်။ ဤစာတမ်းတိုတွင် ကမ္ဘာ့နိုင်ငံအချို့ရှိ လွှတ်တော်များတွင်တာဝန်ထမ်းဆောင်နေသည့် လွှတ်တော်ဝန်ထမ်း များ၏လုပ်ငန်းသဘောသဘာဝ၊ ထားရှိရမည့်စိတ်နေစိတ်ထား၊ လိုက်နာရမည့်ကျင့်ဝတ် နှင့်စည်းကမ်းများကို လေ့လာစုစည်းတင်ပြထားပါသည်။

## နိဒါန်း

၁။ ကမ္ဘာပေါ်ရှိနိုင်ငံပေါင်း(၁၉၅)နိုင်ငံတွင် ဒီမိုကရေစီစနစ်ကျင့်သုံးသည့်နိုင်ငံပေါင်း (၁၆၇) နိုင်ငံရှိပါသည်။[1] ဒီမိုကရေစီကျင့်သုံးသည့်နည်းလမ်းများတွင် Direct Democracy System နှင့် Representative Democracy System ဟူ၍ စနစ်နှစ်မျိုးရှိရာ ကမ္ဘာ့နိုင်ငံအများစုသည် Representative Democracy System ကိုကျင့်သုံးကြပါသည်။ ယင်းစနစ်အရ ပြည်သူများက ဆန္ဒမဲပေးပြီး ရွေးကောက်တင်မြှောက်ခံရသည့် ပြည်သူ့ကိုယ်စားလှယ်များမှ နိုင်ငံ၏အချုပ်အခြာအာဏာကို ပြည်သူ့ကိုယ်စားကျင့်သုံးခြင်းဖြစ်သည်။

၂။ သက်ဆိုင်ရာလွှတ်တော်များအတွက် ပြည်သူတို့မှရွေးကောက်တင်မြှောက်ပေးလိုက်သည့် လွှတ်တော်ကိုယ်စားလှယ်များ၏ဆောင်ရွက်ချက်များသည် နိုင်ငံ၏အနာဂတ်အပေါ် အကျိုးသက်ရောက်မှုများဖြစ်ပေါ်သကဲ့သို့ အဆိုပါကိုယ်စားလှယ်များကို အထောက်အကူပြုပေးရသည့် လွှတ်တော်ဝန်ထမ်းများ၏အခန်းကဏ္ဍသည်လည်း အရေးကြီးသည့်အစိတ်အပိုင်းတစ်ခုအဖြစ်ပါဝင်လျက်ရှိပါသည်။

၃။ လွှတ်တော်ကိုယ်စားလှယ်များသည် ၎င်းတို့ရွေးကောက်တင်မြှောက်ခံရသည့် လွှတ်တော်သက်တမ်းအလိုက်သာ ဥပဒေပြုရေးကိစ္စရပ်များကို ဆောင်ရွက်ရမည်ဖြစ်သော်လည်း လွှတ်တော်ဝန်ထမ်းများသည် မိမိတို့တာဝန်ထမ်းဆောင်နေသည့်ကာလပတ်လုံး လွှတ်တော်လုပ်ငန်းစဉ်များကို စဉ်ဆက်မပြတ်တာဝန်ယူဆောင်ရွက်နေရမည်ဖြစ်သည်။

## လွှတ်တော်ဝန်ထမ်းများ၏အခန်းကဏ္ဍ

၄။ ဒီမိုကရေစီသဘောတရားအရ သက်တမ်းအလိုက် အစိုးရအဖွဲ့အပြောင်းအလဲများ၊ လွှတ်တော်တွင်းဝင်ရောက်လာမည့်ပါတီအပြောင်းအလဲများ ဖြစ်ပေါ်နေမည်ဖြစ်သော်လည်း အားလုံး၏အဓိကရည်မှန်းချက်သည် မိမိနိုင်ငံအကျိုးစီးပွားတိုးတက်ရန်သာဖြစ်သည်။ လွှတ်တော်တွင်းဆောင်ရွက်ချက်များတွင်လည်း ပြီးခဲ့သည့်လွှတ်တော်ကာလအတွင်း မပြီးပြတ်

[1] https://en.wikipedia.org/wiki/Democracy Index (Accessed Date 16.11.2022)

သည့်ကိစ္စရပ်များ၊ ကတိကဝတ်များနှင့် အခြားလုပ်ငန်းစဉ်များကို နောင်လာမည့်လွှတ်တော် သက်တမ်းအသစ်တွင် ဆက်လက်ဆောင်ရွက်သွားရမည်ဖြစ်သည်။ ထိုကဲ့သို့သောအခြေအနေများတွင် လွှတ်တော်ဝန်ထမ်းများသည် ကိစ္စရပ်များကိုအစအဆုံးနားလည်သဘောပေါက်ထားသူများဖြစ်သည့်အတွက် လွှတ်တော်ကိုယ်စားလှယ်အသစ်များအား လိုအပ်သည့်အကြံပေးမှုများ၊ အဆင့်အလိုက်လုပ်ဆောင်ရမည့်လုပ်ငန်းစဉ်များ၊ ဆက်သွယ်ဆောင်ရွက်ရမည့်အဖွဲ့အစည်းများနှင့် ဥပဒေပြုရေးကိစ္စရပ်များကို အထောက်အကူပြုပေးရမည်ဖြစ်သည်။

၅။ လွှတ်တော်လုပ်ငန်းသဘောသဘာဝအရ လွှတ်တော်ဝန်ထမ်းများသည် ပြည်သူတစ်ဦးချင်းနှင့် တိုက်ရိုက်ထိတွေ့ဆောင်ရွက်ရခြင်းမရှိသော်လည်း ပြည်သူအများအတွက် ကိုယ်စားပြုဝင်ရောက်လာသည့် လွှတ်တော်ကိုယ်စားလှယ်များနှင့် အနီးကပ်တိုက်ရိုက်ထိတွေ့ဆက်ဆံနေရခြင်းဖြစ်သည်။ ကိုယ်စားလှယ်တစ်ဦးအား ကူညီထောက်ပံ့ပေးရခြင်းသည် ၄င်းကိုယ်စားပြုသည့် သန်းပေါင်းများစွာသောပြည်သူများကို ဝန်ဆောင်မှုပေးလိုက်ရခြင်းပင်ဖြစ်သည်။

၆။ ထို့ကြောင့်အရေးပါသည့် ဥပဒေပြုရေးကဏ္ဍတွင် တာဝန်ထမ်းဆောင်နေရသည့် လွှတ်တော်ဝန်ထမ်းများ၏လုပ်ငန်းစဉ်များလွယ်ကူချောမွေ့စေရန်နှင့် နိုင်ငံရေးဘက်လိုက်မှုကင်းစွာဖြင့် မိမိတို့၏တာဝန်ဝတ္တရားများထမ်းဆောင်နိုင်ရန်အတွက် ကမ္ဘာ့နိုင်ငံများရှိ လွှတ်တော်များတွင် လွှတ်တော်ဝန်ထမ်းများလိုက်နာရမည့် ကျင့်ဝတ်နှင့်စည်းကမ်းချက်များကို ရေးဆွဲထုတ်ပြန်ပြဋ္ဌာန်းပေးထားကြပါသည်။

**အင်္ဂလန်နိုင်ငံလွှတ်တော်ဝန်ထမ်းများ၏ ကျင့်ဝတ်နှင့်စည်းကမ်းများ**

၇။ အင်္ဂလန်နိုင်ငံလွှတ်တော် (UK Parliament) တွင် အောက်လွှတ်တော် (House of Commons) နှင့် အထက်လွှတ်တော် (House of Lords) ဟူ၍ လွှတ်တော်(၂)ရပ်ရှိပါသည်။[2] အောက်လွှတ်တော်တွင် ဝန်ထမ်းပေါင်း (၃၀၀၀) ဦးရှိပြီး အမြဲတမ်းဝန်ထမ်း (၂၆၅၄) ဦးနှင့် အချိန်ပိုင်းတာဝန်ထမ်းဆောင်သူ (၃၄၆)ဦးရှိပါသည်။[3] အထက်လွှတ်တော်တွင် ဝန်ထမ်းပေါင်း

[2] https://www.parliament.uk/ (Accessed Date 7.10.2022)
[3] https://www.parliament.uk/about/working/working-for-commons/ (Accessed Date 7.10.2022)

(၇၆၂) ဦးရှိပြီး အမြဲတမ်းဝန်ထမ်း (၅၀၀)ဦးနှင့် အချိန်ပိုင်းတာဝန်ထမ်းဆောင်သူ (၂၆၂)ဦး ရှိပါသည်။[4] လွှတ်တော်ကိုယ်စားလှယ်များသည် ၎င်းတို့၏ကိုယ်ပိုင်ဝန်ထမ်းများကိုလည်း ခန့်ထားနိုင်ပါသည်။[5]

၈။ အောက်လွှတ်တော်နှင့်အထက်လွှတ်တော် ညွှန်ကြားရေးမှူးချုပ်များ (House of Clerk) အား နိုင်ငံ့အကြီးအကဲ(ဘုရင်/ဘုရင်မ) မှခန့်အပ်ပါသည်။ အထက်လွှတ်တော်တွင် လက်ထောက်ညွှန်ကြားရေးမှူးချုပ် (The Clerk Assistant)နှင့် စာတော်ဖတ်အရာရှိ (Reading Clerk) တို့အား လွှတ်တော်ဥက္ကဋ္ဌမှခန့်အပ်ပြီး ကျန်အဆင့်ဝန်ထမ်းများအား အထက်လွှတ်တော် ညွှန်ကြားရေးမှူးချုပ် (House of Clerk)မှ ခန့်အပ်ပါသည်။ အောက်လွှတ်တော်တွင် ညွှန်ကြားရေးမှူးချုပ်( The Clerk of the Parliament) မှ သတ်မှတ်အရည်အချင်းနှင့် ကိုက်ညီသူများအား ဝန်ထမ်းအဖြစ် ခန့်အပ်ပိုင်ခွင့်ရှိပါသည်။ [6]

၉။ လွှတ်တော်အစည်းအဝေးကျင်းပချိန်တွင် လက်ထောက်ညွှန်ကြားရေးမှူးချုပ် (The Clerk Assistant)နှင့် စာတော်ဖတ်အရာရှိ (Reading Clerk)တို့သည် ညွှန်ကြားရေးမှူးချုပ်၏ ဘယ်ဘက်တွင်ထိုင်ရပါသည်။ လက်ထောက်ညွှန်ကြားရေးမှူးချုပ် (The Clerk Assistant) သည် လွှတ်တော်ဆိုင်ရာစီမံခန့်ခွဲရေးနှင့် အုပ်ချုပ်မှုဆိုင်ရာတာန်များကိုထမ်းဆောင်ရပါသည်။ Reading Clerk သည် ညွှန်ကြားရေးမှူးချုပ်၏ လုပ်ငန်းများကိုအထောက်အကူပြုပေးရသည့်အပြင် အခမ်းအနားကျင်းပရေးဆိုင်ရာတာဝန်များ၊ တော်ဝင်နန်းတော်မှခန့်အပ်ထားသောသက်တော်ရှည် ဂုဏ်ထူးဆောင်အရာရှိကြီးများ (Peer) ၏ လွှတ်တော်တက်ရောက်မှုအားနေ့စဉ်မှတ်တမ်းတင်ခြင်း၊ ကျမ်းသစ္စာကျိန်ဆိုမှုများအားစီမံဆောင်ရွက်ပေးခြင်း၊ စာချွန်လွှာ

[4] https://www.parliament.uk/business/lords/house-lords-administration/lords-departments/ (Accessed Date 7.10.2022)
[5] https://www.parliament.uk/(Accessed Date 7.10.2022)
[6] https://erskinemay.parliament.uk/section/6414/the-clerk-assistant-and-reading-clerk/(Accessed Date 10.10.2022)

ဖတ်ကြားခြင်း နှင့် နိုင်ငံ့အကြီးအကဲ(ဘုရင်/ဘုရင်မ) မှပေးပို့သည့် သဝဏ်လွှာဖတ်ကြားခြင်း တို့အားဆောင်ရွက်ရပါသည်။[7]

၁၀။ ထို့အပြင် Reading Clerk သည် အထက်လွှတ်တော်၏စီမံခန့်ခွဲမှုဘုတ်အဖွဲ့မှ အဖွဲ့ဝင် တစ်ဦးဖြစ်ပြီး လွှတ်တော်၏ဘဏ္ဍာငွေရရှိရေးအတွက် ဖွဲ့စည်းထားသည့်စီးပွားရေးဆိုင်ရာ အဖွဲ့အစည်းများနှင့် ဆောင်ရွက်ရသည့်လုပ်ငန်းကိစ္စရပ်များကိုလည်း တာဝန်ယူဆောင်ရွက်ရ ပါသည်။ Reading Clerk ရာထူးသည် မြန်မာလွှတ်တော်၏ ညွှန်ကြားရေးမှူးချုပ်နှင့် ဒုတိယ ညွှန်ကြားရေးမှူးချုပ်အကြားရှိသည့် ရာထူးပုံစံဖြစ်သည်။[8]

၁၁။ အောက်လွှတ်တော်၏ လုပ်ငန်းတာဝန်များထမ်းဆောင်ရာတွင် ဌာနကြီး(၅)ခုဖြင့် ဖွဲ့စည်းထားပါသည်။ ၎င်းတို့မှာ လွှတ်တော်အစည်းအဝေးခန်းမနှင့် ကော်မတီများဌာန၊ အဆောင်အယောင်ပစ္စည်းများထောက်ပံ့ရေးဌာန၊ ဘဏ္ဍာရေးဌာန၊ လူ့စွမ်းအားအရင်းအမြစ် နှင့်ဖွံ့ဖြိုးတိုးတက်ရေးဌာန၊ သတင်းအချက်အလက်နှင့်ဝန်ဆောင်မှုဌာနတို့ဖြစ်ပါသည်။ အောက်လွှတ်တော်ဆိုင်ရာ ICT ပူးပေါင်းဌာနသည် လွှတ်တော်တစ်ခုလုံးအတွက် ICT ဝန်ဆောင် မှုများကို အထောက်အပံ့ပေးပါသည်။[9]

၁၂။ အထက်လွှတ်တော်တွင် The clerk of the Parliament Office (ညွှန်ကြားရေးမှူးချုပ် ၏ဦးစီးရုံး)နှင့် ကျိုင်းကိုင်ဌာန (Black Rod Department) ဟူ၍ ဌာနကြီး(၂)ခုဖြင့် ဖွဲ့စည်း ထားပြီး အဆိုပါဌာနကြီး (၂)ခုအောက်တွင် ရုံးအဖွဲ့(၁၄)ဖွဲ့ ဖွဲ့စည်းထားရှိပါသည်။[10] Black Rod ကျိုင်းကိုင်ဌာနသည် အထက်လွှတ်တော်အစည်းအဝေးခန်းမ ထိန်းသိမ်းရေးနှင့် တော်ဝင်အခမ်း အနားများတွင် လုံခြုံရေးကြီးကြပ်မှုတာဝန်များကို ဆောင်ရွက်ရပါသည်။[11]

---

[7] https://erskinemay.parliament.uk/section/6414/the-clerk-assistant-and-reading-clerk/(Accessed Date 10.10.2022)

[8] https://erskinemay.parliament.uk/section/6414/the-clerk-assistant-and-reading-clerk/(Accessed Date 11.10.2022)

[9] https://www.parliament.uk/business/commons/governance-of-the-house-of-commons-/house-governance-structure/(Accessed Date 11.10.2022)

[10] https://publications.parliament.uk/pa/ld/ldhandbk/hdbk03.htm(Accessed Date 12.10.2022)

[11] https://www.parliament.uk/business/lords/house-lords-administration/lords-departments/(Accessed Date 12.10.2022)

၁၃။ အောက်လွှတ်တော်နှင့် အထက်လွှတ်တော်ရှိဝန်ထမ်းများသည် လွှတ်တော်ဝန်ထမ်းများသာဖြစ်ပြီး အစိုးရဝန်ထမ်းများမဟုတ်ပါ။ သို့သော် အမြဲတမ်းဝန်ထမ်းများ ရာထူးခန့်ထားခြင်း၊ လစာနှင့် ဝန်ထမ်းဆိုင်ရာအခွင့်အရေးများမှာ အစိုးရဝန်ထမ်းများနှင့် ကွဲပြားခြားနားခြင်းမရှိပါ။ အမြဲတမ်းဝန်ထမ်းများကို ယှဉ်ပြိုင်ရွေးခံစနစ်ဖြင့် ရွေးချယ်ခန့်အပ်ပါသည်။ ရာထူးတိုးမြှင့်ခြင်းတွင် အရည်အချင်း၊ လုပ်ငန်းကျွမ်းကျင်မှု၊ စွမ်းဆောင်ရည်ရှိမှုနှင့် လုပ်သက်များတွက်ချက်ပြီး ရာထူးတိုးမြှင့်ခြင်းကို ဆောင်ရွက်ပါသည်။ ရာထူးနေရာတစ်ခုအတွက် အနည်းဆုံး(၁) နှစ်မှ အများဆုံး(၅)နှစ် သက်တမ်းသတ်မှတ်ထားပါသည်။[12]

၁၄။ UK Parliament တွင် ဝန်ထမ်းများအပေါ် ခွဲခြားဆက်ဆံမှုများကို တင်းကျပ်စွာတားမြစ်ထားပါသည်။ ဝန်ထမ်းများအားလုံးသည် တန်းတူအခွင့်အရေးရရှိရမည်ဖြစ်ပြီး ဝန်ထမ်းတစ်ဦးအား အသားအရောင်၊ လူမျိုး၊ ဘာသာ၊ အသက်အရွယ်၊ ကျား/မခွဲခြား ဆက်ဆံခြင်းများ နှင့် အခြားခွဲခြားဆက်ဆံမှုများကို တားမြစ်ထားပါသည်။ လွှတ်တော်မူဝါဒများအရ လွှတ်တော်ဝန်ထမ်းများသည် ၎င်းတို့၏ လုပ်ငန်းတာဝန်များထမ်းဆောင်ရာတွင် ထိုက်သင့်သည့် အရည်အချင်း၊ စွမ်းဆောင်ရည် ပြည့်ဝနေရမည်ဖြစ်သည်။ လိုအပ်သည့် အရည်အသွေးမြှင့် သင်တန်းများ ဝန်ထမ်းအားလုံးတက်ရောက်နိုင်ရန် လွှတ်တော် HR ဌာနမှ စီမံဆောင်ရွက်ပေးလျက်ရှိပါသည်။[13]

၁၅။ လွှတ်တော်ဝန်ထမ်းများအတွက် အဓိကလိုက်နာရမည့် အခြေခံစည်းမျဉ်းများကို အောက်လွှတ်တော်ဝန်ထမ်းများအတွက် ထုတ်ဝေထားသည့် ဝန်ထမ်းလက်စွဲစာအုပ် အပိုဒ် (၁၆၆) နှင့် အထက်လွှတ်တော်ဝန်ထမ်းများအတွက် ထုတ်ဝေထားသည့် ဝန်ထမ်းလက်စွဲစာအုပ် အပိုဒ်(၂၂၁)တို့တွင်ပြဋ္ဌာန်းပေးထားပါသည်။ အဆိုပါပြဋ္ဌာန်းချက်များမှာ လွှတ်တော်ဝန်ထမ်းများသည် မိမိအဖွဲ့အစည်းအပေါ်သစ္စာစောင့်သိရမည်၊ လွှတ်တော်ကိုယ်စားလှယ်များနှင့်ဆက်ဆံရာတွင် ဘက်လိုက်မှုကင်းရှင်းရမည်၊ တာဝန်ထမ်းဆောင်နေစဉ်အတွင်း ကိုယ်ကျိုးစီးပွားနှင့်စပ်လျဉ်းသည့် ပဋိပက္ခ၊ အငြင်းပွားမှုများဖြစ်ပွားခြင်းစသည်တို့ကို တားမြစ်ထားပါသည်။ [14]

---

[12]https://publications.parliament.uk/pa/ld/ldhandbk/hdbk14.htm#a165(Accessed Date 12.10.2022)
[13] https://publications.parliament.uk/pa/ld/ldhandbk/lhdbk.pdf (Accessed Date 13.10.2022)
[14] http://archive.ipu.org/ASGP-e/Zampini.pdf (Accessed Date 13.10.2022)

၁၆။ ထို့အပြင် အောက်လွှတ်တော် (House of Commons) ၏ ဝန်ထမ်းလက်စွဲစာအုပ် အခန်း(၅)၊ အပိုဒ် (၁၇)၊ အပိုဒ်ခွဲ(၃)၏ စည်းမျဉ်းစည်းကမ်းများအပိုင်းတွင် Political Impartiality (နိုင်ငံရေးဘက်လိုက်မှုကင်းရှင်းခြင်း) သည် လွှတ်တော်ဝန်ထမ်းများ အဓိက လိုက်နာရမည့်အချက်ဖြစ်သည်ဟု ပြဋ္ဌာန်းထားပါသည်။ လွှတ်တော်ဝန်ထမ်းများသည် လွှတ်တော်၊ ကော်မတီများနှင့် လွှတ်တော်ကိုယ်စားလှယ်များအား အထောက်အကူပေးရသည့် ဝန်ထမ်းများဖြစ်သည့်အတွက် နိုင်ငံရေးအရဘက်လိုက်မှုနှင့် နိုင်ငံရေးအသွေးအရောင်များရှိ ပါက မိမိဆောင်ရွက်ရသည့်လုပ်ငန်းအပေါ် ထိခိုက်မှုများဖြစ်ပေါ်နိုင်ပြီး မျှတမှု၊ ကောင်းမွန် သည့် အကြံပေးမှုများမရှိတော့ဘဲ ဘက်လိုက်ဆောင်ရွက်မှုများဖြစ်ပေါ်စေနိုင်ပါသည်။ ထို့ကြောင့် နိုင်ငံရေးဘက်လိုက်ခြင်းအား တင်းကျပ်စွာကန့်သတ်လိုက်နာစေပါသည်။ သို့သော် လွှတ်တော်တွင် တာဝန်ထမ်းဆောင်နေသည့် ဝန်ထမ်းအားလုံးအတွက်မဟုတ်ဘဲ ကျွေးမွေး ဧည့်ခံရေးဆိုင်ရာဝန်ထမ်းများ၊ ယာဉ်မောင်းများနှင့်ကျွမ်းကျင်လုပ်သားများ၊ အစောင့်ဝန်ထမ်း များနှင့်သန့်ရှင်းရေးဝန်ထမ်းများအား နိုင်ငံရေးဘက်လိုက်ခြင်းအား တင်းကျပ်စွာကန့်သတ် ထားခြင်းမျိုးမရှိပါ။ [15]

၁၇။ အမြဲတမ်းဝန်ထမ်းများ၊ အချိန်ပိုင်းဝန်ထမ်းများနှင့် လွှတ်တော်ကိုယ်စားလှယ်မှ တိုက်ရိုက်ခန့်ဝန်ထမ်းများအားလုံးသည် နိုင်ငံရေးလှုပ်ရှားမှုများတွင် ပါဝင်ပတ်သက်ခြင်း ကို အထူးတားမြစ်ထားပါသည်။ နိုင်ငံရေးအဖွဲ့အစည်းများ၏စကားဝိုင်းများ၊ တွေ့ဆုံဆွေးနွေး ပွဲများ၊ မဲဆွယ်စည်းရုံးခြင်းလှုပ်ရှားမှုများ၊ မီဒီယာများအား နိုင်ငံရေးဆိုင်ရာသုံးသပ်ချက်များ ပြောဆိုခြင်း၊ နိုင်ငံရေးစာတမ်းရေးသားထုတ်ဝေခြင်းများစသည့် နိုင်ငံရေးဆိုင်ရာလှုပ်ရှားများ တွင် ပါဝင်ဆောင်ရွက်ပါက လွှတ်တော်အကြီးအကဲထံ ခွင့်ပြုချက်တောင်းခံရမည်ဖြစ်သည်။

၁၈။ House's Data Protection Policyအရ လွှတ်တော်သတင်းအချက်အလက်များ ပေါက်ကြားမှုမရှိစေရေးအတွက် ညွှန်ကြားရေးမှူးချုပ်မှကြီးကြပ်ဆောင်ရွက်ရပြီး လွှတ်တော်

[15] https://www.parliament.uk/globalassets/documents/upload/HofCHandBk.pdf(Accessed Date 13.10.2022)

ဆိုင်ရာကိစ္စရပ်များ၊ ကိုယ်စားလှယ်ဆိုင်ရာအချက်အလက်များနှင့် ဝန်ထမ်းကိုယ်ရေးအချက်အလက်များကိုပါ စနစ်တကျထိန်းသိမ်းဆောင်ရွက်ခြင်းများပြုလုပ်ထားပါသည်။

၁၉။ ဝန်ထမ်းများမှလည်း ကိုယ်စားလှယ်ဆိုင်ရာအချက်အလက်များ၊ အစည်းအဝေးဆုံးဖြတ်ချက်များ၊ အပြန်အလှန်ဆွေးနွေးမှုမှတ်တမ်းများနှင့် တရားဝင်ထုတ်ပြန်ထားခြင်းမရှိသည့် လွှတ်တော်ဆိုင်ရာသတင်းအချက်အလက်များအား ပေါက်ကြားမှုမရှိစေရန် စနစ်တကျထိန်းသိမ်းထားရှိရမည်ဖြစ်သည်။[16]

၂၀။ အထက်လွှတ်တော်၌ ထုတ်ပြန်ထားသည့်စည်းကမ်းချက်များအရ လွှတ်တော်ဝန်ထမ်းများသည် ပြင်ပဌာနအဖွဲ့အစည်းများတွင် တာဝန်ထမ်းဆောင်ခြင်းမပြုရပါ။ နိုင်ငံရေးပါတီများနှင့်ကင်းရှင်းရမည်၊ လွှတ်တော်ဆိုင်ရာသတင်းအချက်အလက်များပေါက်ကြားမှုများမရှိစေရန်ထိန်းသိမ်းဆောင်ရွက်ရမည်။ ရုံးဖုန်းဖြင့်ကိုယ်ရေးကိုယ်တာပြောဆိုမှုများရှောင်ကြဉ်ရမည်၊ ငွေကြေးကိစ္စအရှုပ်အရှင်းကင်းရှင်းရမည်၊ လက်ဆောင်ပစ္စည်းလက်ခံခြင်းများ မပြုလုပ်ရ။ သတ်မှတ်ထားသည် ဝတ်စုံဝတ်ဆင်ရမည်။ ရုံးချိန်အတွင်း အရက်သောက်ခြင်း၊ မူးယစ်ရမ်းကားခြင်း၊ ခိုက်ရန်ဖြစ်ပွားခြင်းများမပြုရပါ။ အဓိကအရေးကြီးဆုံးအချက်မှာ နိုင်ငံရေးဘက်လိုက်မှုကင်းရှင်းရမည်ဖြစ်သည်ဟု စည်းကမ်းချက်များ ထုတ်ပြန်ထားပါသည်။[17]

## ပြင်သစ်နိုင်ငံလွှတ်တော်ဝန်ထမ်းများ၏ ကျင့်ဝတ်နှင့်စည်းကမ်းများ

၂၁။ ပြင်သစ်ပါလီမန်တွင် အောက်လွှတ်တော်(National Assembly)နှင့် အထက်လွှတ်တော်(Senate) ဟူ၍ လွှတ်တော်(၂)ရပ်ရှိပါသည်။ ပြင်သစ်နိုင်ငံ၏ လွှတ်တော်ဝန်ထမ်းများသည် အစိုးရဝန်ထမ်းများမဟုတ်ဘဲ လွှတ်တော်၏အုပ်ချုပ်မှုအောက်တွင်ရှိသော လွှတ်တော်၏ဝန်ထမ်းများပင်ဖြစ်ပါသည်။

၂၂။ ပြင်သစ်နိုင်ငံရှိ လွှတ်တော်(၂)ရပ်သည် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များအရ ဥပဒေပြုရေးလုပ်ငန်းစဉ်များနှင့် ဝန်ထမ်းအုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်များကို လွတ်လပ်စွာဖြင့်

[16] https://www.parliament.uk/globalassets/documents/upload/HofCHandBk.pdf (Accessed Date 13.10.2022)
[17] https://publications.parliament.uk/pa/ld/ldhandbk/hdbk15.htm (Accessed Date 13.10.2022)

သီးခြားကိုယ်ပိုင်စည်းမျဉ်းစည်းကမ်းများထုတ်ပြန်ပြီး ဆောင်ရွက်ကြပါသည်။ ဝန်ထမ်းများသည်လည်း မိမိတို့သက်ဆိုင်ရာလွှတ်တော်အလိုက်ထုတ်ပြန်ထားသည့် အမိန့်နှင့်ညွှန်ကြားချက်များကိုလိုက်နာကြရပါသည်။[18] ပြင်သစ်နိုင်ငံဖွဲ့စည်းပုံ အခြေခံဥပဒေအရ လွှတ်တော်အားသီးခြားအာဏာခွဲဝေပေးထားပြီး လွှတ်တော်သည် အောက်ပါကိစ္စရပ်များအား လွှတ်လပ်စွာဆောင်ရွက်ခွင့်ရှိသည်-

(က) လွှတ်တော်တွင်းဆောင်ရွက်ရမည့် ဥပဒေပြုရေးလုပ်ငန်းစဉ်အတွက် လုပ်ထုံးလုပ်နည်းစည်းမျဉ်းစည်းကမ်းများအား ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရှိသည်၊

(ခ) လွှတ်တော်၏ ဘဏ္ဍာရေး၊ ထောက်ပံ့ရေးဆိုင်ရာကိစ္စရပ်များအား လွှတ်လပ်စွာစီမံပိုင်ခွင့်ရှိသည်၊

(ဂ) လွှတ်တော်၏ စီမံအုပ်ချုပ်ရေးဆိုင်ရာကိစ္စရပ်များအား လွှတ်လပ်စွာဆောင်ရွက်ခွင့်ရှိပါသည်။[19]

၂၃။ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးသည် ဥပဒေပြုရေးကိစ္စရပ်များအတွက် သတင်းအချက်အလက်နှင့်နည်းပညာဆိုင်ရာ အထောက်အကူများရယူနိုင်ရန် ကိုယ်ရေးဝန်ထမ်း (personal assistants)နှစ်ဦး ခန့်ထားပိုင်ခွင့်ရှိပါသည်။ အဆိုပါဝန်ထမ်းများ၏စရိတ်အတွက် လွှတ်တော်က သီးသန့်သတ်မှတ်ခွင့်ပြုပေးထားပါသည်။[20]

၂၄။ ဖွဲ့စည်းပုံအခြေခံဥပဒေအရ လွှတ်တော်(၂)ရပ်တွင် အမြဲတမ်းကော်မတီ(၆)ခု ဖွဲ့စည်းထားရှိပါသည်။ အထူးကိစ္စရပ်များအတွက် သီးခြားကော်မတီများအား သက်တမ်းသတ်မှတ်၍ ဖွဲ့စည်းခွင့်ရှိပါသည်။ အားကောင်းသောသုတေသနဌာနကိုလည်း ဖွဲ့စည်းထားရှိပါသည်။ လွှတ်တော်ဝန်ထမ်းများအတွက် ဥပဒေ၊ နည်းဥပဒေများသီးခြားသတ်မှတ်ထားသော်လည်း

[18] https://www.jstor.org/stable/439383 (Accessed Date 14.10.2022)
[19] The Staff of the Parliamentary Assemblies in France on JSTOR (Accessed Date 14.10.2022)
[20] https://www.asgp.co/sites/default/files/documents//BCPXGQRURVRYNLVHTBCSTIHDYGGTSF.pdf(Accessed Date 14.10.2022)

အဆိုပါဥပဒေများသည် အစိုးရဝန်ထမ်းများလိုက်နာရမည့် ဥပဒေများနှင့်အနည်းငယ်သာ ကွဲပြားမှုရှိပါသည်။[21]

၂၅။ ၁၉၅၈ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ (၁၅)၊(၂၆)၊ (၃၉)၊ (၈၉)များအရ လွှတ်တော် ဝန်ထမ်းများအတွက် အစိုးရဝန်ထမ်းများနည်းတူ ရာထူးအဆင့်သတ်မှတ်ထားသော်လည်း အုပ်ချုပ်မှုပိုင်း ဆိုင်ရာကိစ္စများတွင် မတူညီကွဲပြားမှုများရှိပါသည်။ သက်ဆိုင်ရာလွှတ်တော် အလိုက် စီမံခန့်ခွဲရေးဌာနများ၊ ဝန်ထမ်းရေးရာကိစ္စရပ်များနှင့် တာဝန်နှင့် အခွင့်အရေးဆိုင်ရာ ကိစ္စရပ်များတွင် သက်ဆိုင်ရာလွှတ်တော်များရှိ ဗျူရို(Bureau) အဖွဲ့များ၏ အုပ်ချုပ်မှု အောက်တွင် ရှိပါသည်။[22]

၂၆။ လွှတ်တော်(၂)ရပ်လုံးတွင် စီမံခန့်ခွဲမှုဗျူရို(Bureau)အဖွဲ့များကို ဖွဲ့စည်းထားပါသည်။ အောက်လွှတ်တော်ဗျူရို(Bureau)အဖွဲ့တွင် ဥက္ကဋ္ဌအပါအဝင် အဖွဲ့ဝင်(၂၂)ဦးဖြင့် ဖွဲ့စည်းထားပြီး အထက်လွှတ်တော်ဗျူရို(Bureau)အဖွဲ့တွင်လည်း လွှတ်တော်ဥက္ကဋ္ဌအပါအဝင် အဖွဲ့ဝင်(၂၆)ဦး ဖြင့်ဖွဲ့စည်းထားပါသည်။ ၁၉၆၃ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ(၇၂)ပုဒ်မခွဲ(၄) တွင် “လွှတ်တော်တွင်း ဥပဒေပြုရေးလုပ်ငန်းများဆောင်ရွက်ခြင်း၊ ဝန်ထမ်းအသစ်ခန့်အပ်ခြင်းနှင့် ရာထူးတိုးမြှင့်ခြင်းတို့တွင် ဗျူရိုအဖွဲ့မှ ဆုံးဖြတ်ဆောင်ရွက်ရမည်” ဟု ဖော်ပြပါရှိပါသည်။ ဗျူရို (Bureau)အဖွဲ့တွင် ဘဏ္ဍာရေးမှူး(Questeurs)(၃)ဦးပါဝင်ပြီး (၂)ဦးကို အာဏာရပါတီမှ ခန့်အပ်ပြီး ကျန်တစ်ဦးကို အတိုက်အခံပါတီမှ ခန့်ထားပါသည်။ ဗျူရို(Bureau)အဖွဲ့ဥက္ကဋ္ဌ၏ သက်တမ်းသည် လွှတ်တော်၏သက်တမ်းနှင့်အညီဖြစ်သည်။[23]

၂၇။ အောက်လွှတ်တော်(National Assembly)၏ ဝန်ထမ်းခန့်ထားရာတွင် ပြင်ပမှခေါ်ယူ ခန့်ထားခြင်းနှင့် ဌာနတွင်းမှခေါ်ယူခန့်ထားခြင်းတို့ဖြင့်ဆောင်ရွက်ပါသည်။ တရားဝင်စာမေးပွဲ ဖြေဆိုရပြီး ဗျူရို(Bureau)အဖွဲ့မှ စိစစ်ရွေးချယ်ခန့်ထားပါသည်။ (၂)နှစ်ပြည့်လျှင် ရာထူးတိုးမြှင့်

[21] https://www.agora-parl.org/sites/default/files/agora-documents/The%20National%20Assembly%20in%20the%20French%20Institutions.pdf (Accessed Date 14.10.2022)
[22] https://www2.assemblee-nationale.fr/langues/welcome-to-the-english-website-of-the-french-national-assembly#Title4 (Accessed Date 14.10.2022)
[23] https://www.asgp.co/sites/default/files/documents//BCPXGQRURVRYNLVHTBCSTIHDYGGTSF.pdf (page 15) (Accessed Date 17.10.2022)

ခြင်းဆိုင်ရာ စာမေးပွဲဝင်ရောက်ဖြေဆိုရပါသည်။ လုပ်သက်၊ ကျွမ်းကျင်မှုနှင့် အရည်အချင်းများ ပေါ်မူတည်၍ ရာထူးတိုးမြှင့်ပေးခြင်းကို ဆောင်ရွက်ပါသည်။ ဌာနတစ်ခုမှအခြားတစ်ခု ပြောင်းရွှေ့ပါက တရားဝင်စာမေးပွဲဖြေဆိုအောင်မြင်မှသာ ပြောင်းရွှေ့ခွင့်ရှိပါသည်။

၂၈။ လွှတ်တော်ဝန်ထမ်းများအတွက် သီးခြားစည်းမျဉ်းစည်းကမ်းများ သတ်မှတ်ထားသော်လည်း အစိုးရဝန်ထမ်းများနှင့် သိသာစွာခြားနားမှုမရှိပါ။ အောက်လွှတ်တော်ဝန်ထမ်းများအတွက်ဗျူရိုအဖွဲ့မှထုတ်ပြန်ထားသော စည်းကမ်းချက်များမှ အဓိကလိုက်နာဆောင်ရွက်ရမည့်အချက်များမှာ လွှတ်တော်ဝန်ထမ်းများသည် ယဉ်ကျေးပျူငှာစွာဖြင့် လွှတ်တော်ကိုယ်စားလှယ်များအား အကူအညီပေးရမည်၊ (Political neutrality) နိုင်ငံရေးအရကြားနေဖြစ်ရမည်၊ သက်ဆိုင်ရာ ဘာသာရပ်အလိုက်ကျွမ်းကျင်မှုရှိရမည် စသည်တို့ဖြစ်ပါသည်။

၂၉။ လွှတ်တော်ဗျူရိုအဖွဲ့( the Bureau of the Assemblée) မှ အောက်လွှတ်တော်ညွှန်ကြားရေးမှူးချုပ်(၂)ဦးအား လွှတ်တော်အရာရှိများထဲမှ တရားဝင်ရွေးချယ်ခန့်ထားပါသည်။ ညွှန်ကြားရေးမှူးချုပ်တစ်ဦးသည် ဥပဒေပြုရေးဆိုင်ရာကိစ္စရပ်များကို စီမံဆောင်ရွက်ရပြီး ကျန်တစ်ဦးမှာ လွှတ်တော်ရေးရာစီမံခန့်ခွဲမှုနှင့် အုပ်ချုပ်ရေးဆိုင်ရာကိစ္စရပ်များကို စီမံဆောင်ရွက်ရပါသည်။[24]

၃၀။ အထက်လွှတ်တော်ဗျူရိုအဖွဲ့သည် အထက်လွှတ်တော်အားကိုယ်စားပြု၍ လွှတ်တော်ဆိုင်ရာ သတင်းထုတ်ပြန်ရေးနှင့် နိုင်ငံတကာဆက်ဆံရေးဆိုင်ရာကိစ္စရပ်များကို ဆောင်ရွက်ပါသည်။ အထက်လွှတ်တော်ဝန်ထမ်းများအား ယှဉ်ပြိုင်ရွေးချယ်ခြင်းစနစ်ဖြင့်ခန့်ထားပါသည်။ လုပ်သက်အနည်းဆုံး(၂)နှစ်ပြည့်လျှင် ရာထူးတိုးမြှင့်ခြင်းကိုဆောင်ရွက်ပါသည်။ အဆင့်အလိုက် ရာထူးတိုးမြှင့်ခြင်းကိုသတ်မှတ်ထားပြီး လုပ်သက်၊ ကျွမ်းကျင်မှုနှင့်အရည်အချင်းအပေါ်မူတည်၍ ရာထူးတိုးမြှင့်ခြင်းကိုဆောင်ရွက်ပါသည်။ ထိုသို့ဆောင်ရွက်ရာတွင် စီမံခန့်ခွဲရေးနှင့် ဝန်ထမ်းရေးရာကိုယ်စားလှယ်များပါဝင်သော ပူးပေါင်းအဖွဲ့နှင့်ဆောင်ရွက်ပါသည်။ [25]

[24] http://archive.ipu.org/ASGP-e/Zampini.pdf (Accessed Date 17.10.2022)

[25] http://archive.ipu.org/ASGP-e/Zampini.pdf (Accessed Date 17.10.2022)

၃၁။ အောက်လွှတ်တော်တွင် ဝန်ထမ်းပေါင်း(၁၂၀၀)ကျော်ရှိပြီး အထက်လွှတ်တော်တွင် ဝန်ထမ်းပေါင်း (၁၀၀၀)ကျော်ရှိပါသည်။ အထက်လွှတ်တော်ညွှန်ကြားရေးမှူးချုပ်(၂)ဦးအား အထက်လွှတ်တော်ဗျူရိုအဖွဲ့မှ ခန့်ထားပြီး အောက်လွှတ်တော်ညွှန်ကြားရေးမှူးချုပ်(၂)ဦးအား အောက်လွှတ်တော် ဗျူရိုအဖွဲ့မှခန့်အပ်ထားပါသည်။[26]

၃၂။ လွှတ်တော်ဝန်ထမ်းများအတွက် ထုတ်ပြန်ထားသည့် စည်းမျဉ်းစည်းကမ်းများတွင် ကိုယ်စားလှယ်များနှင့်ဆက်ဆံရေး၊ လုပ်ငန်းကျွမ်းကျင်မှု၊ အရည်အချင်းရှိမှုနှင့် (Political neutrality) နိုင်ငံရေးအရ ကြားနေအဖြစ်ရပ်တည်မှုတို့အား အဓိကထားဖော်ပြထားပါသည်။ နိုင်ငံရေးပါတီများနှင့်ကင်းရှင်းရမည်။ ပါတီလုပ်ငန်းများတွင်ပါဝင်ဆောင်ရွက်ခြင်း၊ မဲဆွယ်စည်းရုံးခြင်းနှင့်စိတ်ခံစားချက်ဖြင့် ကိုယ်ကျိုးအတွက်ဆောင်ရွက်မှုများကို တားမြစ်ထားပါသည်။

**ဩစတြေးလျနိုင်ငံလွှတ်တော်ဝန်ထမ်းများ၏ ကျင့်ဝတ်နှင့်စည်းကမ်းများ**

၃၃။ ဩစတြေးလျဖက်ဒရယ်လွှတ်တော်တွင် အောက်လွှတ်တော်(House of Representatives) နှင့် အထက်လွှတ်တော်(Senate)ဟူ၍ လွှတ်တော်(၂)ရပ်ရှိပါသည်။ ဩစတြေးလျလွှတ်တော် ဝန်ဆောင်မှုလုပ်ငန်းများသည် ဩစတြေးလျအစိုးရဝန်ဆောင်မှုလုပ်ငန်းများနှင့် ကွဲပြားခြားနားပါသည်။ အစိုးရဝန်ထမ်းများသည် အုပ်ချုပ်ရေးမဏ္ဍိုင်အား ထောက်ပံ့ပေးရပြီး လွှတ်တော်ဝန်ထမ်းများသည် လွှတ်တော်လုပ်ငန်းစဉ်များနှင့် လွှတ်တော်ကိုယ်စားလှယ်များအား ကူညီထောက်ပံ့ပေးရခြင်းဖြစ်ပါသည်။ လွှတ်တော်ဝန်ထမ်းများသည် အတိုက်အခံပါတီ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် အစိုးရအဖွဲ့ဝင်များဟူ၍ ခွဲခြားမှုမရှိဘဲ တူညီသောဝန်ဆောင်မှုဖြင့် ဆောင်ရွက်ပေးနေခြင်းဖြစ်သည်။ ၎င်းတို့သည် တာဝန်ထမ်းဆောင်နေစဉ်ကာလတစ်လျှောက်လုံး (Non-Partisan and Impartial) ပါတီစွဲကင်း၍ ဘက်လိုက်မှုကင်းရှင်းရမည်ဖြစ်သည်။[27]

[26] https://www.asgp.co/sites/default/files/documents//BCPXGQRURVRYNLVHTBCSTIHDYGGTSF.pdf(page 23) (Accessed Date 18.10.2022)
[27] https://www.aph.gov.au/About_Parliament/House_of_Representatives/Powers_practice_and_procedure/00_-_Infosheets/Infosheet_21_-_The_Clerk_and_other_officials (Accessed Date 18.10.2022)

၃၄။ လွှတ်တော်ဝန်ထမ်းများအတွက် လွှတ်တော်ဆိုင်ရာဝန်ဆောင်မှုဥပဒေကို ပြဋ္ဌာန်းပေးထားပြီး လွှတ်တော်ရှိဌာနများနှင့် ဝန်ထမ်းများအားလုံး လိုက်နာဆောင်ရွက်ကြရပါသည်။ အဆိုပါဥပဒေပြဋ္ဌာန်းရခြင်း၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) လွှတ်တော်ဝန်ထမ်းများ မိမိတို့လုပ်ငန်းတာဝန်ထမ်းဆောင်ရာတွင် ပါတီစွဲကင်းရှင်းပြီး ထိရောက်အကျိုးရှိသည့် ဝန်ဆောင်မှုများဆောင်ရွက်နိုင်ရန်၊

(ခ) လွှတ်တော်ဝန်ထမ်းများ၏ အလုပ်ခန့်ထားမှု၊ စီမံခန့်ခွဲမှုနှင့် အုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်များဆောင်ရွက်ရာတွင် တိကျမှု၊ မျှတမှုဖြစ်စေရေးအတွက် ဥပဒေမူဘောင်တစ်ခုချမှတ်ပေးနိုင်ရန်၊

(ဂ) လွှတ်တော်အကြီးအမှူးများ၊ ညွှန်ကြားရေးမှူးချုပ်၊ စာကြည့်တိုက်မှူး၊ လွှတ်တော်ဝန်ဆောင်မှုကော်မရှင်အဖွဲ့ဝင်များ၏ တာဝန်နှင့်ဝတ္တရားများအား တိတိကျကျ သတ်မှတ်ပြဋ္ဌာန်းနိုင်ရန်၊

(ဃ) လွှတ်တော်ဝန်ထမ်းများ၏ အခွင့်အရေးနှင့်တာဝန်များ၊ စည်းမျဉ်းစည်းကမ်းဥပဒေများပြဋ္ဌာန်းနိုင်ရန်။[28]

၃၅။ လွှတ်တော်တစ်ရပ်ချင်းဆီတွင် ၁၉၉၉ခုနှစ် လွှတ်တော်ဆိုင်ရာဝန်ဆောင်မှုဥပဒေအရ ဌာန(၄)ခုဖြင့်ဖွဲ့စည်းထားပါသည်။ အထက်လွှတ်တော်ဌာန(Department of Senate)၊ အောက်လွှတ်တော်ဌာန(Department of House of Representatives)၊ လွှတ်တော်ဆိုင်ရာဝန်ဆောင်မှုဌာန(Department of Parliamentary Services)နှင့် လွှတ်တော်ဆိုင်ရာဘဏ္ဍာရေးရုံး (Parliamentary Budget Office)တို့ဖြစ်ပါသည်။

၃၆။ အခြားဝန်ဆောင်မှုဌာနများအနေဖြင့် လွှတ်တော်စာကြည့်တိုက် (Parliamentary Library)နှင့် လွှတ်တော်ဆိုင်ရာအသိပညာပေးရေးရုံး (Parliamentary Education Office)တို့

---

[28] https://www.aph.gov.au/About_Parliament/House_of_Representatives/Powers_practice_and_procedure/Practice7/HTML/Chapter6/Staff_of_the_House_and_administration (Accessed Date 18.10.2022)

အား လွှတ်တော်ဆိုင်ရာဝန်ဆောင်မှုဌာနအောက်တွင် ထည့်သွင်းဖွဲ့စည်းထားပါသည်။ လွှတ်တော်စာကြည့်တိုက်သည် ၁၉၀၁ခုနှစ် ဖက်ဒရယ်လွှတ်တော်အဖြစ် စတင်ချိန်ကတည်းက ပင် လွှတ်တော်ကိုယ်စားလှယ်များနှင့် လွှတ်တော်ဝန်ထမ်းများအတွက် အထောက်အပံ့ပေး နေခြင်းဖြစ်ပါသည်။ လွှတ်တော်ဆိုင်ရာအသိပညာပေးရေးရုံးသည် နှစ်စဉ် ကျောင်းသား (၉၀၀၀၀) ကျော် လွှတ်တော်လေ့လာ ရေးလာရောက်လည်ပတ်ခြင်းနှင့် (Role play) သရုပ်ပြဆောင်ရွက်မှု များအတွက် ဝန်ဆောင်မှုပေးနေခြင်းဖြစ်ပါသည်။[29]

၃၇။ လွှတ်တော်ဆိုင်ရာဘဏ္ဍာရေးရုံး(Parliamentary Budget Office)အား ၂၀၁၂ ခုနှစ် တွင်ဖွဲ့စည်းခဲ့ပြီး ဘဏ္ဍာရေးဆိုင်ရာကိစ္စရပ်များ၊ လွှတ်တော်ဆိုင်ရာရသုံးခန့်မှန်းခြေငွေစာရင်း များနှင့်ပတ်သက်ပြီး သီးခြားလွတ်လပ်စွာဆောင်ရွက်လျက်ရှိပြီး ဘဏ္ဍာရေးအရာရှိတစ်ဦးမှ ကြီးကြပ်ကွပ်ကဲလျက်ရှိပါသည်။ [30]

၃၈။ အောက်လွှတ်တော်တွင် ညွှန်ကြားရေးမှူးချုပ်(The Clerk of the House) သည် ဝန်ထမ်း များ၏အကြီးအကဲဖြစ်ပြီး လွှတ်တော်အစည်းအဝေးခန်းမတွင် ဥက္ကဋ္ဌ၏ညာဘက်တွင်ထိုင်၍ လွှတ်တော်ဥက္ကဋ္ဌအား လွှတ်တော်ဆိုင်ရာစည်းမျဉ်းစည်းကမ်းများနှင့်စပ်လျဉ်း၍ အကြံပေး အထောက်အကူပြုပေးရပါသည်။ လွှတ်တော်နှစ်ရပ်ရှိ ညွှန်ကြားရေးမှူးချုပ် (Clerks) များအား ဥက္ကဋ္ဌက လွှတ်တော်ကိုယ်စားလှယ်များနှင့်ညှိနှိုင်း၍ခန့်အပ်ပါသည်။ ညွှန်ကြားရေးမှူးချုပ် (Clerks) သက်တမ်းအား (၁၀)နှစ်သတ်မှတ်ထားပြီး သက်တမ်းတစ်ကြိမ် ခန့်အပ်ပြီးပါက ထပ်မံ ခန့်အပ်ခွင့်မရှိပါ။

၃၉။ ဒုတိယညွှန်ကြားရေးမှူးချုပ် (Deputy Clerk) သည် ဝန်ထမ်းများ၏ ဒုတိယအကြီးအကဲ ဖြစ်ပြီး လွှတ်တော်ဝန်ဆောင်မှုဆိုင်ရာကိစ္စရပ်များနှင့် အုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်များကို စီမံ ခန့်ခွဲပါသည်။ (Deputy Clerk) သည် လွှတ်တော်အစည်းအဝေးခန်းမတွင် ဥက္ကဋ္ဌ၏ ဘယ်ဘက်

---

[29] https://www.aph.gov.au/About_Parliament/Parliamentary_Departments (Accessed Date 18.10.2022)
[30] https://www.aph.gov.au/About_Parliament/House_of_Representatives/Powers_practice_and_procedure/00_-_Infosheets/Infosheet_21_-_The_Clerk_and_other_officials (Accessed Date 19.10.2022)

တွင်ထိုင်၍ လွှတ်တော်ဝန်ဆောင်မှုဆိုင်ရာကိစ္စရပ်များအတွက် အထောက်အကူပြုပေးရပါသည်။

၄၀။ ကျိုင်းကိုင်အရာရှိ (The Serjeant-at-Arms or Deputy)သတ်မှတ်ထားသည့် ဝတ်စုံဝတ်ဆင်ပြီး အစည်းအဝေးခန်းမအတွင်း လွှတ်တော်ဥက္ကဋ္ဌ၏လုံခြုံရေးကို ဆောင်ရွက်ပေးရပါသည်။ ကျိုင်းကိုင်အရာရှိအား အမျိုးသား/အမျိုးသမီး သတ်မှတ်ထားခြင်းမရှိပါ။ အင်္ဂလန်လွှတ်တော်တွင် ကျိုင်းကိုင်အရာရှိအား ဘုရင်၏သက်တော်စောင့်အဖွဲ့မှရွေးချယ်ပြီး ဘုရင်မှတိုက်ရိုက်ခန့်အပ်ပါသည်။ ဩစတြေးလျလွှတ်တော်တွင် ကျိုင်းကိုင်အရာရှိသည် လွှတ်တော်ဝန်ထမ်းဖြစ်ပြီး လုံခြုံရေးစီမံခန့်ခွဲမှုအဖွဲ့၏ အဖွဲ့ဝင်တစ်ဦးလည်းဖြစ်ပါသည်။[31]



အောက်လွှတ်တော်၏ အမျိုးသမီးကျိုင်းကိုင်အရာရှိ

၄၁။ လွှတ်တော်ဝန်ထမ်းများခန့်အပ်ရာတွင် အစိုးရဝန်ထမ်းခန့်ထားခြင်းနည်းလမ်းများအတိုင်းဖြစ်ပြီး ခေါ်ယူမည့်ရာထူးအဆင့်အလိုက်သတ်မှတ်ချက်များဖြင့် နိုင်ငံပိုင်သတင်းစာမှ လျှောက်လွှာခေါ်ယူပါသည်။ သတ်မှတ်ချက်နှင့်ပြည့်စုံသည့်ပုဂ္ဂိုလ်များအား လွှတ်တော်ကော်မရှင်အဖွဲ့မှ လူတွေ့စစ်ဆေးခန့်အပ်ပါသည်။ အစိုးရဝန်ထမ်းများနှင့် လွှတ်တော်ဝန်ထမ်းများသည် လုပ်ကိုင်ဆောင်ရွက်ရသည့်နယ်ပယ်၊ လုပ်ငန်းသဘောသဘာဝကွဲပြားမှုရှိပါသည်။

[31]https://www.aph.gov.au/About_Parliament/House_of_Representatives/Powers_practice_and_procedure/00_-_Infosheets/Infosheet_21_-_The_Clerk_and_other_officials (Accessed Date 19.10.2022)

အစိုးရဝန်ထမ်းများသည် အစိုးရ၏အုပ်ချုပ်ရေးယန္တရားအတွက် ဆောင်ရွက်ရပြီး လွှတ်တော်ဝန်ထမ်းများသည် ဥပဒေပြုရေးလုပ်ငန်းစဉ်အတွက် လွှတ်တော်ကိုယ်စားလှယ်များ အား အထောက်အကူပေးမှုများဆောင်ရွက်ရပါသည်။ ဩစတြေးလျနိုင်ငံလွှတ်တော်ဝန်ထမ်းများ သည် အစိုးရဝန်ကြီးဌာနအဖွဲ့အစည်းများတွင်လည်း ပြောင်းရွှေ့တာဝန်ထမ်းဆောင်နိုင်ပါသည်။[32]

၄၂။ ၁၉၉၉ ခုနှစ်၊ လွှတ်တော်ဝန်ဆောင်မှုဥပဒေ ပုဒ်မ(၁၃)တွင် လွှတ်တော်ဝန်ထမ်းများ လိုက်နာရမည့်စည်းမျဉ်း၊ စည်းကမ်းများကို ပြဋ္ဌာန်းပေးထားပါသည်။ လွှတ်တော်ဝန်ထမ်းများ သည် မိမိတို့လုပ်ငန်းတာဝန်များထမ်းဆောင်ရာတွင် အောက်ပါစည်းမျဉ်း၊ စည်းကမ်းများအား လေးစားလိုက်နာရမည်ဖြစ်ပါသည်-

(က) ဂုဏ်သိက္ခာရှိရမည်၊ တာဝန်ထမ်းဆောင်ရာတွင် ရိုးသားဖြောင့်မတ်မှုရှိရမည်၊

(ခ) လုံ့လဝီရိယနှင့် ကြိုးစားအားထုတ်မှုရှိရမည်၊

(ဂ) ဝန်ထမ်းအချင်းချင်း တစ်ဦးနှင့်တစ်ဦး ဝေဖန်တိုက်ခိုက်၊နှောင့်ယှက်မှုများမရှိဘဲ အပြန်အလှန်လေးစားမှုနှင့် နွေးထွေးပျူငှာမှုရှိရမည်၊

(ဃ) အစိုးရမှထုတ်ပြန်ထားသော ဥပဒေ၊နည်းဥပဒေများနှင့် စည်းမျဉ်းစည်းကမ်းများ ကို လေးစားလိုက်နာရမည်၊

(င) လုပ်ငန်းလိုအပ်ချက်အရ လွှတ်တော်လုပ်ငန်းများအပြင် ဌာနများ၊ ကော်မတီများ၊ ပူးပေါင်းကော်မတီများတွင် အလှည့်ကျသင့်တော်သလို တာဝန်ထမ်းဆောင်ရ မည်။

[32] https://www.aph.gov.au/About_Parliament/House_of_Representatives/Powers_practice_and_procedure/Practice7 (Accessed Date 21.10.2022)

(စ) လုပ်ငန်းတာဝန်နှင့်ဆက်စပ်ပြီး ပုဂ္ဂလိကအကျိုးစီးပွားဆောင်ရွက်မှုများကို ရှောင်ရှားရမည်။

(ဆ) အလုပ်အကိုင်နှင့်လျော်ညီစွာ ပြုမူနေထိုင်ရမည်၊

(ဇ) ဝန်ဆောင်မှုလုပ်ငန်းများဆောင်ရွက်ရာတွင် မှားယွင်းသောသတင်းအချက်အလက်ပေးခြင်းများကို ရှောင်ရှားရမည်၊

(ဈ) တာဝန်ထမ်းဆောင်ရာတွင် ရာထူး၊ အာဏာ၊ လုပ်ပိုင်ခွင့်ကိုအသုံးချ၍ မသင့်လျော်သောကိစ္စရပ်များဆောင်ရွက်ခြင်းကို ရှောင်ရှားရမည်၊

(ည) နိုင်ငံရပ်ခြားသို့ အလုပ်တာဝန်အရသွားရောက်ပါက မိမိနိုင်ငံ၏ပုံရိပ်ကျဆင်းစေမည့် ကိစ္စရပ်များကိုရှောင်ရှားရမည်၊

(ဋ) တာဝန်ထမ်းဆောင်နေစဉ်ကာလတစ်လျှောက်လုံး (Non-Partisan and Impartial) ပါတီစွဲကင်း၍ ဘက်လိုက်မှုကင်းရှင်းရမည်ဖြစ်သည်။[33]

**အိန္ဒိယနိုင်ငံလွှတ်တော်ဝန်ထမ်းများ၏ ကျင့်ဝတ်နှင့်စည်းကမ်းများ**

၄၃။ အိန္ဒိယလွှတ်တော်သည် အိန္ဒိယနိုင်ငံ၏အမြင့်ဆုံးဥပဒေပြုအဖွဲ့အစည်းဖြစ်ပြီး အောက်လွှတ်တော်(Lok Sabha)နှင့် အထက်လွှတ်တော်(Rajya Sabha)ဟူ၍ လွှတ်တော်နှစ်ရပ်ဖြင့်ဖွဲ့စည်းထားပါသည်။ ဗြိတိသျှအုပ်ချုပ်စဉ်ကာလက ဥပဒေပြုရေးအတွက် အိန္ဒိယဥပဒေပြုရေးကောင်စီ (Imperial Legislative Council)အား ၁၈၆၁ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့ပါသည်။ ၁၉၂၄ခုနှစ်ထိ အဆိုပါဥပဒေပြုရေးကောင်စီအား အစိုးရ၏အုပ်ချုပ်မှုအောက်တွင်သာထားရှိခဲ့ပါသည်။ ဥဒေပြုရေးသည် အစိုးရအုပ်ချုပ်မှုအောက်တွင်ရှိနေသဖြင့် ဥပဒေပြုရေးကိစ္စရပ်များဆောင်ရွက်ရာတွင် အဟန့်အတားဖြစ်စေနိုင်သည့်အတွက် ၁၉၂၅ ခုနှစ်မှစ၍ ဥပဒေပြုရေးကောင်စီအား အစိုးရအုပ်ချုပ်မှုအောက်မှ သီးခြားရပ်တည်နိုင်ရန် ဆောင်ရွက်ခဲ့ကြပါသည်။ ၁၉၂၉ ခုနှစ်တွင် ဗြိတိသျှအစိုးရမှ ဥပဒေပြုရေးကောင်စီအား သီးခြားဥပဒေပြုအဖွဲ့အစည်း

[33] http://classic.austlii.edu.au/au/legis/cth/consol_act/psa1999235/s13.html (Accessed Date 25.10.2022)

အဖြစ်သတ်မှတ်ပေးခဲ့ပါသည်။ ၁၉၄၇ခုနှစ်တွင် အိန္ဒိယနိုင်ငံလွတ်လပ်ရေးရခဲ့ပြီးနောက် ၁၉၅၀ ခုနှစ်တွင် အိန္ဒိယလွှတ်တော်ပေါ်ပေါက်လာခဲ့ပါသည်။

၄၄။ အိန္ဒိယလွှတ်တော်အဆောက်အဦသည် ၁၉၂၇ ခုနှစ်တွင် စတင်ဖွင့်လှစ်ခဲ့သည့် ရှေးဟောင်းသမိုင်းဝင်အဆောက်အဦတစ်ခုဖြစ်ပါသည်။ ယခုအချိန်တွင် လွှတ်တော်အဆောက်အဦအသစ်အား ၂၀၂၀ ခုနှစ်တွင် စတင်တည်ဆောက်ခဲ့ပြီး ၂၀၂၂ ခုနှစ်တွင် ပြီးစီးမည်ဖြစ်သည်။ အိန္ဒိယနိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေသည်(၁၀၄)ကြိမ်မြောက် ပြင်ဆင်ခဲ့ပြီးဖြစ်ပါသည်။[34]

၄၅။ အိန္ဒိယဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၂)၊ ပုဒ်မ(၇၉)မှ (၁၂၂)ထိသည် လွှတ်တော်၏ ဥပဒေပြုရေးလုပ်ငန်းစဉ်များအတွက် ဆောင်ရွက်ရမည့်ကိစ္စရပ်များကို အတိအလင်းပြဋ္ဌာန်းထားပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ(၉၈)တွင် လွှတ်တော်ဝန်ထမ်းဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်နိုင်ရန်အတွက် လွှတ်တော်(၂)ရပ်သီးခြား ဥပဒေစည်းမျဉ်း၊ စည်းကမ်းများထုတ်ပြန်နိုင်ရန် ပြဋ္ဌာန်းပေးထားပါသည်။[35]

၄၆။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ(၉၈)အရ Lok Sabha Secretariat(Recruitment and Conditions of Service) Rule, 1955 အားပြဋ္ဌာန်းထားပါသည်။ အဆိုပါဥပဒေတွင် ဝန်ထမ်းခန့်အပ်ခြင်း၊ ဝန်ထမ်းရေးရာကိစ္စရပ်များနှင့် ဝန်ထမ်းဆိုင်ရာစည်းမျဉ်း၊ စည်းကမ်းများကို လွှတ်တော်ဥက္ကဋ္ဌမှအတည်ပြုထုတ်ပြန်ထားပါသည်။ လွှတ်တော်(၂)ရပ် အုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်များတွင် သီးခြားစီရပ်တည်လျက်ရှိပါသည်။

၄၇။ လွှတ်တော်ဝန်ထမ်းများသည် အစိုးရဝန်ထမ်းမဟုတ်ပါ။ လုပ်ပိုင်ခွင့်နှင့်အခွင့်အရေးများသည် အစိုးရဝန်ထမ်းများနှင့်ကွဲပြားမှုရှိပါသည်။ လွှတ်တော်၏အုပ်မှုဆိုင်ရာကိစ္စရပ်များသည် လွှတ်တော်ဥက္ကဋ္ဌ၏စီမံခန့်ခွဲမှုအောက်တွင်ရှိပြီး လွှတ်တော်အသီးသီး၏ ညွှန်ကြားရေး

[34] https://parliamentofindia.nic.in/(Accessed Date 29.10.2022)
[35] https://legislative.gov.in/sites/default/files/COI_English.pdf (Accessed Date 4.11.2022)

မှူးချုပ်များသည် လွှတ်တော်ဥက္ကဋ္ဌကို တာဝန်ခံရပါသည်။ လွှတ်တော်ညွှန်ကြားရေးမှူးချုပ်များနှင့် အဆင့်မြင့်အရာရှိကြီးများအား လွှတ်တော်ဥက္ကဋ္ဌမှ တိုက်ရိုက်ခန့်အပ်ပိုင်ခွင့်ရှိပါသည်။

၄၈။ လွှတ်တော်ညွှန်ကြားရေးမှူးချုပ်များသည် အရပ်ဘက်ဝန်ကြီးဌာနညွှန်ကြားရေးမှူးချုပ်များနှင့်အဆင့်အတန်းတူညီသော်လည်း ဝန်ကြီးဌာနညွှန်ကြားရေးမှူးချုပ်များကဲ့သို့ လွတ်လပ်စွာ စီမံဆောင်ရွက်ပိုင်ခွင့်မရှိပါ။ ၎င်းတို့သည် လွှတ်တော်ဥက္ကဋ္ဌအား အုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်များအတွက်အကြံပေးခြင်းနှင့် အခြားဝန်ထမ်းရေးရာ စီမံခန့်ခွဲခြင်းများကိုသာ ဆောင်ရွက်ရပြီး ဥပဒေပြုရေးလုပ်ငန်းစဉ်အား ဝင်ရောက်စွက်ဖက်ပိုင်ခွင့်မရှိပါ။

၄၉။ ဝန်ထမ်းအသစ်ခန့်ထားခြင်းတွင် အမြဲတမ်းဝန်ထမ်းအဖြစ်တိုက်ရိုက်ခန့်ထားခြင်းမဟုတ်ဘဲ ယာယီဝန်ထမ်းအဖြစ် အစမ်းခန့်ထားခြင်းဖြစ်သည်။ အစမ်းခန့်ကာလ(၂) နှစ် ပြည့်ပြီးမှသာ အမြဲတမ်းဝန်ထမ်းအဖြစ် အသိအမှတ်ပြုသည်။ ဝန်ထမ်းအသစ်ခန့်အပ်ခြင်း ၊ ဝန်ထမ်းမှထုတ်ပယ်ခြင်းများကို လွှတ်တော်ဥက္ကဋ္ဌ၏အခွင့်အာဏာဖြင့် ဆောင်ရွက်ခွင့်ရှိသည်။ အဆင့်မြင့်အရာရှိကြီးများ အသစ်ခန့်ထားခြင်း၊ ရာထူးတိုးမြှင့်ခြင်း၊ ထုတ်ပယ်ခြင်းများ အား ဥက္ကဋ္ဌကိုယ်တိုင်ဆောင်ရွက်ပါသည်။[36]

၅၀။ အထက်လွှတ်တော်ဝန်ထမ်းများအတွက် The Rajya Sabha Secretariat (Recruitment and Conditions of Service) Rules, 1957 အားပြဋ္ဌာန်းထားပါသည်။ ဝန်ထမ်းသစ်ခေါ်ယူခြင်း၊ အလုပ်ခန့်ထားခြင်း၊ ရာထူးတိုးမြှင့်ခြင်း၊ ပြစ်မှုပြစ်ဒဏ်များနှင့် အယူခံခွင့်ဆိုင်ရာ ပြဋ္ဌာန်းချက်များအား ထည့်သွင်းရေးဆွဲထားပါသည်။ ဝန်ထမ်းအသစ်ခန့်ထားခြင်းအား ဝန်ထမ်းရွေးချယ်ခေါ်ယူရေးအဖွဲ့မှဆောင်ရွက်ပါသည်။ ရှေးဦးစွာ အစမ်းခန့်ဝန်ထမ်းအဖြစ်သာ ဦးစွာခန့်ထားသည်။ သတ်မှတ်အရည်အချင်းနှင့် သတ်မှတ်ကာလပြည့်မီမှသာ အမြဲတမ်းဝန်ထမ်းအဖြစ်ခန့်ထားသည်။ ဝန်ကြီးဌာနမှဝန်ထမ်းများအားလည်း ခေါ်ယူခန့်ထားနိုင်သည်။ ဝန်ထမ်းသစ်ခန့်ထားခြင်း၊ ထုတ်ပယ်ခြင်းလုပ်ငန်းစဉ်များသည် အောက်လွှတ်တော်အတိုင်းဖြစ်ပါသည်။ အထက်

[36] https://loksabhaph.nic.in/writereaddata/Secretariat/RulesApplicableToEmployees/RandCSrules1955.pdf (Accessed Date 8.11.2022)

လွှတ်တော်ဥက္ကဋ္ဌသည် အိန္ဒိယနိုင်ငံ၏ ဒုတိယသမ္မတဖြစ်ပါသည်။ လွှတ်တော်ဝန်ထမ်းများ လိုက်နာရမည့်စည်းကမ်းချက်များသည် အစိုးရဝန်ထမ်းများလိုက်နာရမည့်စည်ကမ်းချက်များ အတိုင်းဖြစ်ပါသည်။ [37]

၅၁။ အိန္ဒိယနိုင်ငံရှိ ဝန်ထမ်းများအားလုံးလိုက်နာရမည့်စည်းကမ်းချက်များ (The all India Services (Conduct)Rules, 1968 ပုဒ်မ(၅)တွင် ဝန်ထမ်းများသည် နိုင်ငံရေးပါတီများ၊ နိုင်ငံရေးနှင့် ဆက်စပ်ပတ်သက်နေသည့်အဖွဲ့အစည်းများတွင်ပါဝင်ပတ်သက်ခြင်း၊ နိုင်ငံရေးလှုပ်ရှားမှုများ၊ နိုင်ငံရေးဆွေးနွေးပွဲများတွင်ပါဝင်ခြင်း၊ အထောက်အပံ့ပေးခြင်းနှင့် စည်းရုံးလှုံ့ဆော်ခြင်းတို့အား တားမြစ်ထားပါသည်။ ထို့ပြင် ဝန်ထမ်းနှင့်သက်ဆိုင်သည့်မိသားစုဝင်များသည်လည်း အစိုးရမှထုတ်ပြန်ထားသည့် ဥပဒေများကိုလေးစားလိုက်နာရမည်ဖြစ်ပြီး ဥပဒေနှင့်မညီသည့်လှုပ်ရှားမှုများတွင် ပါဝင်ပတ်သက်ခြင်းကိုတားမြစ်ထားပါသည်။ အကယ်၍တားမြစ်ချက်အားမလိုက်နာပါက သက်ဆိုင်ရာဝန်ထမ်းမှ အစိုးရထံအစီရင်ခံစာရေးသားဖြေရှင်းရမည်ဟု ဖော်ပြထားပါသည်။[38]

## ထိုင်းနိုင်ငံလွှတ်တော်ဝန်ထမ်းများ၏ ကျင့်ဝတ်နှင့်စည်းကမ်းများ

၅၂။ ထိုင်းနိုင်ငံသည် ပါလီမန်ဒီမိုကရေစီစနစ်ပေါ်တွင် အခြေခံထားသည့် စည်းမျဉ်းခံဘုရင်စနစ်ကို ကျင့်သုံးသောနိုင်ငံတစ်နိုင်ငံဖြစ်ပါသည်။ ၁၉၃၂ခုနှစ်တွင် ငြိမ်းချမ်းစွာအသွင်ကူးပြောင်းပြီးနောက် နိုင်ငံတော်၏အချုပ်အခြာအာဏာကို ထိုင်းပြည်သူ၊ ပြည်သားများထံ အပ်နှံခဲ့ပြီး ဘုရင်မင်းမြတ်သည် တိုင်းပြည်၏အကြီးအကဲဖြစ်သာ ရပ်တည်လျက်ရှိပါသည်။ ဝန်ကြီးချုပ်သည် အစိုးရအဖွဲ့အကြီးအကဲဖြစ်ပြီး ဥပဒေရေးရာအကောင်အထည်ဖော်ခြင်းများ အပါအဝင် အုပ်ချုပ်ရေးအာဏာအပြည့်အဝကျင့်သုံးပိုင်ခွင့်ရှိပါသည်။

[37] http://archive.ipu.org/ASGP-e/Zampini.pdf (Accessed Date 11.11.2022)
[38] https://dopt.gov.in/sites/default/files/AIS_ConductRules1968.pdf (Accessed Date 14.11.2022)

၅၃။ ထိုင်းလွှတ်တော်(National Assembly)တွင် အထက်လွှတ်တော်(Senate)နှင့် အောက်လွှတ်တော် (House of Representatives) ဟူ၍ လွှတ်တော်(၂)ရပ်ရှိပါသည်။ အထက်လွှတ်တော်၏သက်တမ်းသည် (၅)နှစ်ဖြစ်ပြီး အောက်လွှတ်တော်၏သက်တမ်းသည် (၄)နှစ်ဖြစ်ပါသည်။ အထက်လွှတ်တော်တွင် ထိုင်းတော်ဝင်စစ်တပ်မှ ခန့်အပ်ထားသော ကိုယ်စားလှယ် (၂၅၀)ဦး ပါဝင်ပြီး အောက်လွှတ်တော်တွင် ပြည်သူများမှမဲပေးရွေးချယ်ထားသော ကိုယ်စားလှယ် (၅၀၀)ဦးပါဝင်ပါသည်။ အထက်လွှတ်တော်သည် ဥပဒေကြမ်းများဆွေးနွေးခြင်းအပါအဝင် လွတ်လပ်သောအဖွဲ့အစည်းများနှင့် တရားစီရင်ရေးအဖွဲ့၏ အဖွဲ့ဝင်ခန့်ထားရွေးချယ်ခြင်းအပေါ် အကြံပြုခွင့်အာဏာကိုအပ်နှင်းထားပါသည်။ ထိုင်းနိုင်ငံခုံရုံးအဖွဲ့ဝင်များ၊ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များ၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်အဖွဲ့များနှင့် လူ့အခွင့်အရေးကော်မရှင်အဖွဲ့ဝင်များ ရွေးချယ်ခန့်ထားခြင်းကို အကြံပြုခွင့်အာဏာရှိပါသည်။

၅၄။ အောက်လွှတ်တော်သည် ထိုင်းနိုင်ငံ၏ အဓိကဥပဒေပြုရေးအဖွဲ့အစည်းဖြစ်ပြီး လွှတ်တော်နှစ်ရပ်တွင် လုပ်ပိုင်ခွင့်အာဏာပိုကြီးမားသည့် လွှတ်တော်ဖြစ်ပါသည်။ ဥပဒေများ ပြဋ္ဌာန်းနိုင်ရေးအတွက် ကနဦးတင်သွင်းဆောင်ရွက်နိုင်ရေးဆိုင်ရာကိစ္စရပ်များ၊ ဥပဒေမူကြမ်းများအားစိစစ်ဆွေးနွေးနိုင်ရေး၊ ကော်မတီများဖွဲ့စည်းဆောင်ရွက်နိုင်ရေးကိစ္စရပ်များ၊ ပေါ်ပေါက်လာသည့်ကိစ္စရပ်များအလိုက် ဝန်ကြီးများမှလွှတ်တော်တွင်း တာဝန်ယူတင်ပြနိုင်ရေးကိစ္စရပ်များအပါအဝင် ဝန်ကြီးချုပ်နှင့်၎င်း၏ အစိုးရအဖွဲ့ဝန်ကြီးများကို စွပ်စွဲပြစ်တင်ပိုင်ခွင့်အာဏာလည်းရှိပါသည်။[39]

၅၅။ ၂၀၁၇ ခုနှစ်၊ ထိုင်းနိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေ၏ အခန်း(၇) ဥပဒေပြုရေးတွင် လွှတ်တော်လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ပြဋ္ဌာန်းပေးထားပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၈၀ အရ အောက်လွှတ်တော်ဥက္ကဋ္ဌသည် (National Assembly of Thailand-NAT)တွင် ဥက္ကဋ္ဌဖြစ်ပြီး အထက်လွှတ်တော်ဥက္ကဋ္ဌသည် ဒုတိယဥက္ကဋ္ဌဖြစ်ပါသည်။ အကယ်၍ အောက်လွှတ်တော်ဥက္ကဋ္ဌ နေရာလစ်လပ်နေချိန်ဖြစ်ပါက အထက်လွှတ်တော်ဥက္ကဋ္ဌသည် (National Assembly)

[39] https://en.wikipedia.org/wiki/National_Assembly_(Thailand) (Accessed Date 14.11.2022)

တွင် ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ဥက္ကဋ္ဌတာဝန်ထမ်းဆောင်မည့် ပုဂ္ဂိုလ်သည် ပေးအပ်ထားသောတာဝန်များကို (Impartial) ဘက်လိုက်မှုကင်းရှင်းစွာဆောင်ရွက်ရမည်ဖြစ်သည်။ ဥက္ကဋ္ဌနှင့်ဒုတိယဥက္ကဋ္ဌများအဖြစ် ရွေးကောက်တင်မြှောက်ခံရသည့် ပုဂ္ဂိုလ်များသည် အုပ်ချုပ်ရေးအဖွဲ့တွင်အဖွဲ့ဝင်ဖြစ်ပါက အဖွဲ့ဝင်အဖြစ်မှလည်းကောင်း၊ ပါတီတစ်ခုခု၏ ကိုယ်စားလှယ်ဖြစ်ပါက ပါတီကိုယ်စားလှယ်အဖြစ်မှလည်းကောင်း နှုတ်ထွက်ပြီးဖြစ်ရမည်။[40]

၅၆။ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ(၁၂၈)နှင့် ပုဒ်မ(၂၁၉) တို့တွင် လွှတ်တော်ကိုယ်စားလှယ်များနှင့် ကော်မတီများအဖွဲ့ဝင်များ လိုက်နာရမည့်ကျင့်ဝတ်နှင့်စည်းကမ်းများ ထုတ်ပြန်နိုင်ရန် ပြဋ္ဌာန်းထားသည့်ပုဒ်မများဖြစ်သည်။ ထိုပြဋ္ဌာန်းချက်များအရ လွှတ်တော်(၂)ရပ်တွင် ကိုယ်စားလှယ်များလိုက်နာရမည့် ဥပဒေ၊ နည်းဥပဒေများကို အသီးသီးထုတ်ပြန်ထားပါသည်။

၅၇။ ထိုင်းနိုင်ငံရှိလွှတ်တော်ဝန်ထမ်းများအတွက် မိမိတို့လုပ်ငန်းတာဝန်များထမ်းဆောင်ရာတွင် တိကျမှု ၊ ကောင်းမွန်သည့်အုပ်ချုပ်မှုစနစ်ဖြစ်ပေါ်စေရန်နှင့် လွှတ်တော်လုပ်ငန်းစဉ်များ လွယ်ကူချောမွေ့စေရန်အတွက် လွှတ်တော်ဆိုင်ရာစီမံခန့်ခွဲရေးဥပဒေ (Parliamentary Administration Act, 2011)ကို ပြဋ္ဌာန်းထားပါသည်။

၅၈။ ထိုင်းလွှတ်တော်ဝန်ထမ်းများသည် အစိုးရဝန်ထမ်းများဖြစ်ကြပါသည်။ လွှတ်တော်တစ်ရပ်စီ၏အမြဲတမ်းအတွင်းဝန်များသည် ဝန်ထမ်းအဖွဲ့အစည်း၏ အကြီးအအကဲများဖြစ်ပါသည်။ အမြဲတမ်းအတွင်းဝန်သည် ဥပဒေပြုရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ လွှတ်တော်ဥက္ကဋ္ဌအားအကြံပေးရပြီး ဝန်ထမ်းအုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်များကိုလည်းတာဝန်ခံကာ ဥက္ကဋ္ဌထံ တိုက်ရိုက်အစီရင်ခံရပါသည်။ ဒုတိယအမြဲတမ်းအတွင်းဝန်နှင့် လက်ထောက်အတွင်းဝန်တို့သည် အမြဲတမ်းအတွင်းဝန်အား အထောက်အကူပြုပေးရပါသည်။

၅၉။ လွှတ်တော်ဝန်ထမ်းများ၏လစာစရိတ်၊ အလုပ်ချိန်၊ ဝတ်စားဆင်ယင်မှု၊ ခွင့်ကိစ္စများ၊ အားလပ်ရက်ပိတ်ရက်များ၊ ခရီးသွားလာမှု၊ နေထိုင်မှုနှင့် လူမှုဖူလုံရေးဆိုင်ရာကိစ္စရပ်များကို လွှတ်တော်ဥက္ကဋ္ဌမှစီမံဆောင်ရွက်ခွင့်ရှိပါသည်။ ဝန်ထမ်းများကို ယှဉ်ပြိုင်ရွေးချယ်ခြင်းစနစ်ဖြင့်

[40] https://www.constituteproject.org/constitution/Thailand_2017.pdf?lang=en (Accessed Date 15.11.2022)

ခန့်ထားခြင်းဖြစ်ပြီး ဝန်ထမ်းရွေးချယ်ခေါ်ယူရေးအဖွဲ့မှခေါ်ယူသည့်ရာထူးအလိုက် ယှဉ်ပြိုင်လျှောက်ထားပြီး စာမေးပွဲများဖြေဆိုကာ အောင်မြင်သည့်ပုဂ္ဂိုလ်များအား ခန့်ထားပါသည်။[41]

၆၀။ ၂၀၀၈ ခုနှစ် နိုင်ငံ့ဝန်ထမ်းဥပဒေ၊ အခန်း(၆)၊ ပုဒ်မ ၈၂ တွင် ဝန်ထမ်းများအားလုံးလိုက်နာရမည့်စည်းကမ်းချက်များကို အောက်ပါအတိုင်းပြဋ္ဌာန်းထားပါသည်-

(က) တာဝန်ထမ်းဆောင်ရာတွင် ရိုးသားမှုမျှတမှုရှိရမည်ဖြစ်ပြီး မိမိအဖွဲ့အစည်းအပေါ် သစ္စာစောင့်သိရမည်၊

(ခ) နိုင်ငံတော်မှချမှတ်ထားသည့် ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်းများ၊ အစိုးရ၏မူဝါဒများ၊ အာဏာပိုင်အဖွဲ့အစည်းများမှ အခါအားလျော်စွာ ထုတ်ပြန်ထားသည့် ဒေသန္တရအမိန့်များ၊ စည်းကမ်းချက်များကိုလိုက်နာရမည်၊

(ဂ) မိမိတာဝန်များကိုဆောင်ရွက်ရာတွင် နိုင်ငံတော်အကျိုးအတွက်ရှေးရှုကာ စိတ်အားထက်သန်စွာဖြင့် တက်တက်ကြွကြွဆောင်ရွက်ရမည်၊

(ဃ) ဥပဒေ၊အမိန့်များနှင့် စည်းမျဉ်းစည်းကမ်းများကိုလေးစားလိုက်နာရမည်ဖြစ်သော်လည်း အကယ်၍ထုတ်ပြန်ထားသည့် အမိန့်တစ်စုံတစ်ရာသည် နိုင်ငံတော်နှင့် မိမိအဖွဲ့အစည်း၏အကျိုးစီးပွားကို ထိခိုက်စေမည်ဟု လေ့လာတွေ့ရှိရပါက အချက်အလက်ခိုင်မာစွာ အကျိုးအကြောင်းဖော်ပြ၍ တာဝန်ရှိသူများထံ တင်ပြပြောဆိုနိုင်သည်။ တာဝန်ရှိသူများကပြန်လည်စိစစ်ပြီး ဥပဒေနှင့်ညီသည်၊ လိုက်နာရမည်ဟု ဆုံးဖြတ်ပါက လိုက်နာဆောင်ရွက်ရမည်ဖြစ်သည်၊

(င) နိုင်ငံတော်၏လျှို့ဝှက်ချက်များကို ထိန်းသိမ်းရမည်၊

(စ) ဝန်ထမ်းအချင်းချင်း တစ်ဦးနှင့်တစ်ဦးလေးစားမှုရှိပြီး လုပ်ငန်းများကိုပူးပေါင်းဆောင်ရွက်ရမည်၊

[41] https://www.parliament.go.th/ewtadmin/ewt/parliament_parcy/download/article/article_20180205142359.pdf (Accessed Date 16.11.2022)

(ဆ) ပြည်သူများနှင့်ဆက်ဆံရာတွင် နွေးထွေးပျူငှာစွာဆက်ဆံရမည်၊

(ဇ) မိမိတို့တာဝန်များကိုဆောင်ရွက်ရာတွင် နိုင်ငံရေးဘက်လိုက်မှု ကင်းရှင်းရမည်၊ နိုင်ငံရေးဘက်လိုက်သောအပြုအမူ အပြောအဆိုများရှောင်ရှားရမည်၊

(ဈ) လူပုဂ္ဂိုလ်တစ်ဦး၏ဂုဏ်သိက္ခာကိုလေးစားရမည်၊ ဂုဏ်သိက္ခာကျဆင်းစေရန် မဟုတ်မမှန်ပြောဆိုခြင်းများကိုရှောင်ရှားရမည်။[42]

၆၁။ လွှတ်တော်ဝန်ထမ်းများသည် အစိုးရမှထုတ်ပြန်ထားသည့် စည်းကမ်းချက်များကို လိုက်နာရမည့်အပြင် မိမိတို့လွှတ်တော်အလိုက် လွှတ်တော်ဥက္ကဋ္ဌမှချမှတ်ထားသည့် စည်းကမ်း ချက်များကိုလည်း လိုက်နာဆောင်ရွက်ရမည်ဖြစ်ပါသည်။

၆၂။ ထိုင်းနိုင်ငံတွင် ၁၉၃၂ခုနှစ်၌ သက်ဦးဆံပိုင်ဘုရင်စနစ်ကို ဖျက်သိမ်းပြီးနောက် ရေးဆွဲခဲ့ သည့် ဖွဲ့စည်းပုံအခြေခံဥပဒေပေါင်း (၂၀) ရှိပါသည်။ တိုင်းပြည်နှင့်ကိုက်ညီမည့် အချိုးကျကိုယ် စားပြုစနစ် ပုံစံအမျိုးမျိုးပြောင်းလဲအသုံးပြု၍ ရွေးကောက်ပွဲများကျင်းပခဲ့ကြပါသည်။ ထိုင်း နိုင်ငံ၌ တပ်မတော်မှအာဏာသိမ်းမှု (၂၂) ကြိမ်ပေါ်ပေါက်ခဲ့ပြီး နိုင်ငံရေးအခြေအနေရှုပ်ထွေးမှု အမျိုးမျိုးကြုံတွေ့ခဲ့ရသော်လည်း ထိုင်းပြည်သူ ပြည်သားတို့၏ သည်းခံနိုင်စွမ်းရှိမှု၊ ပြဿနာ များအား ငြိမ်းချမ်းစွာအဖြေရှာခြင်းနည်းလမ်းများဖြင့် ဖြေရှင်းမှုများကြောင့် လွှတ်တော် လုပ်ငန်းစဉ်များ အရှိန်အဟုန်မပျက် ဆောင်ရွက်နေသည်ကိုတွေ့ရှိရပါသည်။

## နိဂုံး

၆၃။ နိုင်ငံတကာလွှတ်တော်များတွင် အထက်လွှတ်တော်သက်တမ်းနှင့်အောက်လွှတ်တော် သက်တမ်းမတူညီသည်ကိုတွေ့ရှိရပါသည်။ လွှတ်တော်ဝန်ထမ်းများအား အစိုးရဝန်ထမ်းအဖြစ် သတ်မှတ်ထားသကဲ့သို့ လွှတ်တော်ဝန်ထမ်းအဖြစ်သီးသန့်သတ်မှတ်ထားသည်ကိုလည်းတွေ့ ရှိရပါသည်။ မြန်မာ့လွှတ်တော်ရှိ လွှတ်တော်ဝန်ထမ်းများသည် သီးခြားလွှတ်တော်ဝန်ထမ်း

---

[42] http://thailawforum.com/database1/civil-service-act-10.html (Accessed Date 18.11.2022)

မဟုတ်ဘဲ နိုင်ငံ့ဝန်ထမ်းများပင်ဖြစ်သည်။ ဒီမိုကရေစီရင့်သန်သော နိုင်ငံများရှိလွှတ်တော်များ တွင် ဝန်ထမ်းအင်အားခိုင်မာတောင့်တင်းပြီး ဆောင်ရွက်ရမည့်နယ်ပယ်အလိုက် ကျွမ်းကျင်သည့် ဝန်ထမ်းများဖြင့် ဖွဲ့စည်းထားရှိသည်ကိုတွေ့ရှိရပါသည်။

၆၄။ ဥပဒေပြုရေးတွင် လွှတ်တော်လုပ်ငန်းစဉ်များ ထိရောက်မြန်ဆန်စွာ ဆောင်ရွက်နိုင်ရန် အတွက် လူ့စွမ်းအားအရင်းအမြစ်များကို ကောင်းမွန်စွာမွေးထုတ်ထားရှိမှသာလျှင် အင်အား ကောင်း၍ တောင့်တင်းခိုင်မာသည့် အဖွဲ့အစည်းတစ်ခုတည်ထောင်နိုင်မည်ဖြစ်သည်။

၆၅။ အားကောင်းသောလွှတ်တော်များ၏ဆောင်ရွက်ချက်များတွင် သတင်းအချက်အလက် ရရှိမှုမြန်ဆန်ခြင်း၊ သုတေသနအားကောင်းခြင်း၊ ပြည်သူများစိတ်ဝင်စားမှုဖြစ်စေရန် လွှတ်တော် လေ့လာရေးလုပ်ငန်းစဉ်များကို စနစ်တကျဆောင်ရွက်နေခြင်းနှင့် ထိရောက်သည့်ဥပဒေများ ပြဋ္ဌာန်းပေးနိုင်ခြင်းတို့ကိုတွေ့ရှိရပါသည်။

၆၆။ နိုင်ငံတကာလွှတ်တော်များတွင် လွှတ်တော်ဝန်ထမ်းများလိုက်နာရမည့် ကျင့်ဝတ်နှင့် စည်းကမ်းချက်များ ထုတ်ပြန်ထားရာတွင် တစ်နိုင်ငံနှင့်တစ်နိုင်ငံ အနည်းငယ်ကွဲပြားမှုရှိသော် လည်း တူညီစွာပြဋ္ဌာန်းထားသည့်အချက်မှာ နိုင်ငံရေးဘက်လိုက်မှုကင်းရှင်းရမည်ဆိုသည့် အချက်ပင်ဖြစ်သည်။

၆၇။ လွှတ်တော်ဝန်ထမ်းများသည် လွှတ်တော်၊ကော်မတီများနှင့် လွှတ်တော်ကိုယ်စားလှယ် များအား အထောက်အပံ့ပေးရသည့် ဝန်ထမ်းများဖြစ်သည့်အတွက် နိုင်ငံရေးအရဘက်လိုက်မှု နှင့် နိုင်ငံရေးအသွေးအရောင်များရှိပါက မိမိဆောင်ရွက်ရသည့်လုပ်ငန်းအပေါ် ထိခိုက်မှုများ ဖြစ်ပေါ်နိုင်ပြီး မျှတမှုကောင်းမွန်သည့်အကြံပေးမှုများမရှိတော့ဘဲ ဘက်လိုက်ဆောင်ရွက်မှု များ ဖြစ်ပေါ်စေနိုင်သည့်အတွက် နိုင်ငံရေးဘက်လိုက်မှုများအားတင်းကျပ်စွာ ကန့်သတ်ထား သည်ကိုတွေ့ရှိရပါသည်။

၆၈။ ထို့ကြောင့် ဥပဒေပြုရေးလုပ်ငန်းစဉ်များကို အထောက်အကူပြုဆောင်ရွက်နေကြသည့် လွှတ်တော်ဝန်ထမ်းများ၏လုပ်ငန်းစဉ်များ၊ ထားရှိရမည့်စိတ်နေစိတ်ထားများနှင့် လိုက်နာ ဆောင်ရွက်ရမည့် ကျင့်ဝတ်နှင့်စည်းကမ်းများကိုသိရှိနိုင်ရန် လေ့လာစုစည်းတင်ပြအပ်ပါသည်။

သုတေသနလုပ်ငန်းဆိုင်ရာစုံစမ်းမေးမြန်းမှုများပြုလုပ်ရန် (သို့မဟုတ်) သုတေသန၊ ပြည်သူ့ဆက်ဆံရေးနှင့် နိုင်ငံတကာဆက်ဆံရေးဌာနကြီးအား လာရောက်လေ့လာရန် အောက်ပါလိပ်စာအတိုင်း ဆက်သွယ်နိုင်ပါသည်။


သုတေသနပြည်သူ့ဆက်ဆံရေးနှင့်နိုင်ငံတကာဆက်ဆံရေးဌာနကြီး- အမျိုးသားလွှတ်တော်ရုံး၊ 1-G ဆောင်၊ ဒုတိယထပ်၊

တယ်လီဖုန်း- ၀၆၇-၄၃၉၁၆၆၄၊ ၀၆၇-၄၃၉၁၃၈၀၊ ဖက်စ် - ၀၆၇-၄၃၉၁၃၈၀


## သတိပြုရန်

ဤသတင်းအချက်အလက်သည် လွှတ်တော်ကိုယ်စားလှယ်များအား ၎င်းတို့၏ လွှတ်တော်ဆိုင်ရာတာဝန်များ ဆောင်ရွက်ရာတွင် အထောက်အကူပြုနိုင်ရန်အတွက် ဖြစ်ပါသည်။ ပုဂ္ဂိုလ်ရေးဆိုင်ရာတစ်စုံတစ်ခုအတွက် အသုံးပြုရန်မဟုတ်ပါ။ အချိန်နှင့် တစ်ပြေးညီ နောက်ဆုံးရသတင်းဖြစ်မည်ဟုသတ်မှတ်မထားသင့်ပါ။ ဤအချက်အလက်များအား တရားဝင် (သို့မဟုတ်) ပညာရှင်ဆိုင်ရာအကြံပေးချက် အဖြစ်မသတ်မှတ်သင့်ပါ။ အထူးအကြံပေးချက် (သို့မဟုတ်) သတင်းအချက်အလက်များအား လိုအပ်ပါက အရည်သွေးပြည့်မီသော သင့်လျော်သည့်ကျွမ်းကျင်ပညာရှင်နှင့် ဆွေးနွေးတိုင်ပင်သင့်ပါသည်။ လွှတ်တော်သုတေသနဝန်ဆောင်မှုဌာနသည် စာတမ်းတိုများတွင်ပါဝင်သော အကြောင်းအရာများအား လွှတ်တော်ကိုယ်စားလှယ်များ၊ ဝန်ထမ်းများနှင့်သာ မျှဝေဆွေးနွေးသွားမည်ဖြစ်ပါသည်။ အများပြည်သူနှင့် မျှဝေရန်မဟုတ်ပါ။


E-mail – research@amyotha.hluttaw.mm
amtresearch222@gmail.com